# စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး (Trade Facilitation) ခရီးလမ်းမှ သင်ခန်းစာများ


တင်ပြသူ

မြတ်နိုး

စီးပွားရေးသံမှူး


မြန်မာသံရုံး၊ စင်ကာပူမြို့


## တင်ပြမည့်အကြောင်းအရာများ



- ၁ စင်ကာပူနိုင်ငံ၏ စီးပွားရေး
- ၂ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးခရီးလမ်း (Single Window စနစ် အသုံးပြုခြင်း)
- ၃ သင်ခန်းစာများ
- ၄ သုံးသပ်တင်ပြချက်

## ၁ စင်ကာပူနိုင်ငံ၏ စီးပွားရေး




**သီးခြားလွတ်လပ်သောနိုင်ငံအဖြစ်ရပ်တည်ခြင်းနှင့် စိန်ခေါ်မှုများ**

- ၉ – ၈ – ၁၉၆၅ တွင် မလေးရှားနိုင်ငံမှ ခွဲထွက်၍ သီးခြားလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် စတင်ရပ်တည်/ စိန်ခေါ်မှုများစွာ ကြုံဆိုနေ
  - နိုင်ငံ၏ အရင်းအမြစ်သည် အကန့်အသတ်များစွာရှိ (နိုင်ငံအရွယ်အစားသေးငယ်၊ သဘာဝသယံဇာတမရှိ၊ ပြည်တွင်းဈေးကွက်သေးငယ်လွန်း)

**စီးပွားရေးတိုးတက်လာခြင်း**

- ၁၉၆၅ မှ ၂၀၀၀ ခုနှစ်အထိ စီးပွားရေးတိုးတက်မှုနှုန်းသည် နှစ်စဉ် ပျမ်းမျှ ၇ ရာခိုင်နှုန်းခန့်ဖြင့် တိုးတက်ခဲ့
- အာရှကျား(၄)ကောင်တွင် ပါဝင်သတ်မှတ်ခြင်းခံရပြီး၊ လက်ရှိ စင်ကာပူ၏ တစ်ဦးကျဝင်ငွေသည် ဟောင်ကောင်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့ထက်ပင် မြင့်မား
- စင်ကာပူ၏ တစ်ဦးကျဝင်ငွေ (GNI per capita) သည် ၁၉၆၅ ခုနှစ်တွင် US ၅၄၀ မှ ၂၀၁၉ ခုနှစ်တွင် US **၅၉,၅၉၀** အထိ **အဆပေါင်း ၁၀၀** ကျော် မြင့်တက်လာခဲ့ (ကမ္ဘာတွင် အဆင့် ၉ *World Bank data)*
- စင်ကာပူ၏ GDP သည် ၂၀၁၉ ခုနှစ်တွင် **US ၃၇၂ ဘီလီယံ** (ကမ္ဘာ့အဆင့် ၃၄) / ၁၉၆၅ ခုနှစ် GDP သည် US ၉၇၅ သန်း



Free Market Economy, Stable Political Situation, Attractive Investment Climate

5/25



<u>ကုန်သွယ်ရေးဗဟိုဌာန</u>

- ❑ ၂၀၁၉ ခုနှစ်တွင် စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှု US ၇၄၉.၃၉၄ ဘီလီယံ (*International Trade Centre data*)
  - ❖ သွင်းကုန် US ၃၅၉.၀၀၈ ဘီလီယံ / ပို့ကုန် US ၃၉၀.၃၈၆ ဘီလီယံ
- ❑ ကုန်သွယ်ရေးတံခါးဖွင့်လှစ်မှု အမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံဖြစ် – ၂၀၁၉ ခုနှစ်တွင် စင်ကာပူ၏ GDP နှင့် ကုန်စည်ကုန်သွယ်မှု အချိုးသည် <u>၂၀၁ ရာခိုင်နှုန်း</u>ရှိ (Trade Openness သို့မဟုတ် Trade to GDP ratio)
- ❑ ဒေသတွင်း၌ ကုန်သွယ်ရေးဗဟိုဌာန၊ ငွေရေးကြေးရေးဗဟိုဌာန
- ❑ ဖွံ့ဖြိုးပြီးနိုင်ငံ/ ဝင်ငွေမြင့်မားသောနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်

6/25

## ၂ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးခရီးလမ်း

**၁၉၈၆ ခုနှစ် Single Window ခရီးလမ်းအစ**

- ❑ ၁၉၈၅ ခုနှစ်တွင် စင်ကာပူ၏ စီးပွားရေး ကျဆင်းခဲ့ ( ၁၉၆၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် စီးပွားရေးကျဆင်းမှု)
- ❑ စီးပွားရေးကျဆင်းမှုကို ကုစားနိုင်မည့်အစီအမံများ အလျင်အမြန်ချမှတ်အကောင်အထည်ဖော်နိုင်ရန်အတွက် အဆင့်မြင့်အရာရှိကြီးများဖြင့် **“စီးပွားရေးကော်မတီ”** ကို ဖွဲ့စည်း
- ❑ ကုန်သွယ်မှုတွင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြင့်တက်လာရေး **သတင်းအချက်အလက်နည်းပညာ** (IT) ကို ထိရောက်စွာ အသုံးချဆောင်ရွက်သွားရန် ကော်မတီက အကြံပြုတင်ပြ
- ❑ ကော်မတီ၏ အစီရင်ခံစာပါ ယင်းအကြံပြုချက်က ၁၉၈၉ ခုနှစ်တွင် **“TradeNet”** အမည်ဖြင့် စင်ကာပူ၏ ပြတင်းတစ်ပေါက်စနစ် (Single Window) စတင်ပေါ်ပေါက်လာစေသော အဓိကအကြောင်းရင်းဖြစ်

## "TradeNet ဦးဆောင်ကော်မတီ" ဖွဲ့စည်း

- ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနအောက်ရှိ Trade Development Board (TDB) ဌာနကို ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် ကုန်သည်အသင်းအဖွဲ့တို့အား စည်းရုံးလှုံ့ဆော်ဆောင်ရွက်သွားရန် တာဝန်ပေးအပ်
- စစ်တမ်းအရ Single Window စနစ်ဖြင့် ဆောင်ရွက်နိုင်ပါက **တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၁ ဘီလီယံ** ကုန်ကျစရိတ်သက်သာမည်ဟု လေ့လာတွေ့ရှိ
- ၁၉၈၆ ခုနှစ်တွင် အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်အတွက် **"TradeNet ဦးဆောင်ကော်မတီ"** ကို ဖွဲ့စည်း

၁၉၈၆ ခုနှစ်



## စီမံကိန်းအား (၂)နှစ်အတွင်းအပြီး အကောင်အထည်ဖော်မည်

- <u>၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ</u>
  - ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr လီရှန်လွန်း (ယခု ဝန်ကြီးချုပ်) က "TradeNet" စီမံကိန်းကို (၂)နှစ်အတွင်းအပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု တရားဝင်ကြေညာခဲ့
  - TDB က ဦးဆောင်သည့် **"အမှုဆောင်ကော်မတီ"** ကိုဖွဲ့စည်း
  - National Computerisation Board (NCB) က ဦးဆောင်သည့် **"စီမံကိန်းကော်မတီ"** ကို ဖွဲ့စည်း



"TradeNet" တည်ထောင်ရန်အတွက် အစိုးရ၏ ကနဦးရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀ သန်း မတည်ပေး

9/25

## Singapore Network Services ကုမ္ပဏီကို တည်ထောင်

- ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် အစိုးရပိုင်းတို့မှ "လုပ်ငန်းအဖွဲ့ ၃ ဖွဲ့" ကိုဖွဲ့စည်း
- ၁၉၈၈ ခုနှစ်၊ မတ်လ
  - စီမံကိန်း၏ နည်းပညာဆိုင်ရာဒီဇိုင်းရေးဆွဲပြီးစီး
  - TradeNet စနစ်၏ ပိုင်ရှင်အဖြစ် ဆောင်ရွက်မည့် **Singapore Network Services** ကုမ္ပဏီကို တည်ထောင်
  - အများပြည်သူအား အသိပညာပေးမှုအစီအစဉ်များ စတင်ဆောင်ရွက်

၁၉၈၇ ခုနှစ်

၁၉၈၈ ခုနှစ်

10/25


## Special Purpose Vehicle အဖြစ် ဖွဲ့စည်းတည်ထောင်ခြင်း

- Singapore Network Services ကုမ္ပဏီ (ယခု CrimsonLogic Pte Ltd) ကို TradeNet စနစ်၏လုပ်ငန်းများ လည်ပတ်နိုင်ရန်အတွက် ဆောင်ရွက်သွားမည့်အဖွဲ့အစည်း (Special Purpose Vehicle) အဖြစ် တည်ထောင်ခဲ့
- ကုမ္ပဏီကို တည်ထောင်စဉ်
  - ၅၅ ရာခိုင်နှုန်း – **Trade Development Board (TDB)** [ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနအောက်ရှိ အစိုးရဌာန]
  - ၄၅ ရာခိုင်နှုန်း – **သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးပိုင်းဆိုင်ရာ အစိုးရအဖွဲ့အစည်း (၃) ခု**
    - (၁) စင်ကာပူဆိပ်ကမ်းအာဏာပိုင်၊ (၂) လေကြောင်းပို့ဆောင်ရေးအာဏာပိုင်၊ (၃) စင်ကာပူဆက်သွယ်ရေးလုပ်ငန်း

TradeNet (Busness to Government – B 2 G Platform) စတင်ပေါ်ထွက်လာခြင်း

- ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် "TradeNet" ကို စတင်တည်ထောင်
- ကုန်သွယ်မှုနှင့်ဆက်စပ်သည့် အစိုးရဌာနအဖွဲ့အစည်း ၃၆ ခု၏ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများကို တစ်စုတစ်စည်းတည်းချိတ်ဆက်ထား
- တစ်ရက်လျှင် ပို့ကုန်/သွင်းကုန် ကြေညာလွှာပေါင်း ၃၅,၀၀၀ မှ ၄၀,၀၀၀ အထိ ဆောင်ရွက်နိုင်
- တစ်နှစ်လျှင် ပါမစ်ပေါင်း ၉ သန်းအထိ ဆောင်ရွက်နိုင် (၉၅ ရာခိုင်နှုန်းသည် ၃ မိနစ်အတွင်း ဆောင်ရွက်ပေး)

"TradeNet" ကို Version အမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့






TradeNet ၏ အကျိုးကျေးဇူးများ

| စဉ် | အကြောင်းအရာ | TradeNet မဆောင်ရွက်မီ | TradeNet ဆောင်ရွက်ပြီး |
|---|---|---|---|
| ၁ | စာရွက်စာတမ်းတင်သွင်းခြင်း | ဈေးကြီးသော စာပို့စာရေးနှင့် ဆက်သားများမှ တစ်ဆင့် | အိမ် သို့မဟုတ် ရုံးမှ အီလက်ထရွန်နစ်စနစ်ဖြင့် ပို့နိုင် |
| ၂ | စာရွက်စာတမ်းတင်သွင်းနိုင်သည့်အချိန် | ရုံးချိန်အတွင်း | (၂၄) နာရီပတ်လုံး |
| ၃ | စာရွက်စာတမ်းတင်ရန်အတွက် သက်ဆိုင်ရာအေဂျင်စီသို့ သွားရောက်ရသည့်အကြိမ်အရေအတွက် | အနည်းဆုံး (၂)ကြိမ်နှင့် အထက် | မလိုအပ် |
| ၄ | လျှောက်ထားမှုတစ်ကြိမ်အတွက် လိုအပ်သည့် စာရွက်စာတမ်းအရေအတွက် | (၄) မျိုးမှ (၂၀) မျိုးအထိ | eForm တစ်ကြိမ်သာ |
| ၅ | စာရွက်စာတမ်းတင်ရာတွင် မိတ္တူလိုအပ်မှု | မိတ္တူများစွာပေးရန်လိုအပ် | မိတ္တူတစ်စုံသာလိုအပ် |
| ၆ | ပါမစ်ရရှိရန်အတွက် စောင့်ဆိုင်းရသောအချိန် | (၄)နာရီမှ (၂) ရက် သို့မဟုတ် (၇) ရက်ထိ | (၁၀) မိနစ်အတွင်း |

## TradeNet ၏ အကျိုးကျေးဇူးများ

| စဉ် | အကြောင်းအရာ | TradeNet မဆောင်ရွက်မီ | TradeNet ဆောင်ရွက်ပြီး |
|---|---|---|---|
| ၇ | အကောက်ခွန်စည်းကြပ်ခြင်းခံရမည့် ကုန်စည်များအတွက် ဆောင်ရွက်ခြင်း | အကောက်ခွန်ဌာနသို့ သီးခြားစာရွက်စာတမ်းများဖြင့် တင်ပြရန်လိုအပ် | အီလက်ထရွန်နစ်စနစ်ဖြစ်၍ အကောက်ခွန်ဌာနသို့ Auto ရောက်ရှိ |
| ၈ | ကန့်သတ်ကုန်စည်များနှင့်ပတ်သက်၍ ဆောင်ရွက်ခြင်း | သက်ဆိုင်ရာဌာနများသို့ သီးခြားစာရွက်စာတမ်းများဖြင့် တင်ပြရန်လိုအပ် | အီလက်ထရွန်နစ်စနစ်ဖြစ်၍ သက်ဆိုင်ရာဌာနများသို့ Auto ရောက်ရှိ |
| ၉ | အကောက်ခွန်ပေးဆောင်ခြင်း | ချက်လက်မှတ်နှင့် ငွေသားဖြင့် | ဘဏ်စာရင်းမှ Auto ဖြတ်တောက် |
| ၁၀ | ပါမစ်ကြေး | စင်ကာပူဒေါ်လာ ၁၀ မှ ၂၀ | စင်ကာပူဒေါ်လာ ၂.၈၈ |





## TradeNet မှပံ့ပိုးပေးခဲ့သော အောင်မြင်မှုများ

- ကမ္ဘာ့ပထမဆုံး Single Window System/ Nationwide Trade Clearance System
- ကမ္ဘာ့ယှဉ်ပြိုင်နိုင်မှုစွမ်းအား အကောင်းဆုံးသောနိုင်ငံတစ်နိုင်ငံ (World Economic Forum)
- ကမ္ဘာ့ဘဏ်၏ “Trading Across Borders” နှင့် “Logistics Performance Index” အကောင်းဆုံးနိုင်ငံများတွင်ပါဝင်

## စင်ကာပူ၏ Trade Facilitation Performance

၂၀၁၃ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် စွမ်းဆောင်နိုင်မှုသည် အာရှဒေသရှိနိုင်ငံများနှင့် ဝင်ငွေမြင့်မားသော အခြားဖွံ့ဖြိုးပြီးနိုင်ငံများထက်ပင် သာလွန်ကောင်းမွန်ခဲ့

(2013 OECD Indicators)






## Networked Trade Platform (NTP) တည်ထောင်ခြင်း (ဒုတိယ သမိုင်းမှတ်တိုင်)

- ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် Networked Trade Platform (NTP) ကို တရားဝင်စတင်ထူထောင်

TradeNet (B 2 G Platform)
(၁၉၈၉ ခုနှစ် တည်ထောင်ခဲ့)

TradeExchange (B 2 B Platform)
(၂၀၀၇ ခုနှစ် တည်ထောင်ခဲ့)

NTP
Networked Trade Platform

❖ *Value – added Services ထပ်ပေါင်းထား*

**ကုန်သွယ်မှုကဏ္ဍနှင့်သက်ဆိုင်သူများအားလုံးအတွက် One-Stop Interface**




- ❑ လုပ်ငန်းများ၏ ကုန်ကျစရိတ်နှင့် အချိန် များစွာသက်သာသည့် အကျိုးကျေးဇူးရရှိပြီး **ယှဉ်ပြိုင်နိုင်မှုစွမ်းအား ပိုမိုမြင့်မားလာစေရန်**
- ❑ Networked Trade Platform (NTP) သည် **သမားရိုးကျ Single Window စနစ်မှ** ကုန်သွယ်မှုနှင့်ဆက်စပ်ပတ်သက်သည့် Stakeholders အားလုံး တစ်နေရာတည်းတွင် လုပ်ငန်းချိတ်ဆက်ဆောင်ရွက်နိုင်သော Platform အဖြစ်သို့ ပြောင်းလဲဆောင်ရွက်

17/25


**NTP Platform အား Global Digital Trade Gateway ဖြစ်လာစေရန် ရည်ရွယ်**

- ❑ အစိုးရဌာနဆိုင်ရာများ၏ ဝန်ဆောင်မှုများသာမက **Trade Finance ၊ အာမခံ၊ ပို့ဆောင်ရေး စသည့် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများအားလုံးကို** တစ်နေရာတည်းတွင် ရရှိနိုင်
- ❑ NTP Platform ပေါ်တွင် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးစားတီထွင်ဖန်တီးနေကြသော Services Developer များအတွက် အထောက်အကူပြုသည့် **Developer Zone** အား ထည့်သွင်းထား
- ❑ လုပ်ငန်းများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်သော၊ လုပ်ငန်းများ၏ **ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အထောက်အကူပြုသောဝန်ဆောင်မှုများအား** ထည့်သွင်းထား
- ❑ ASEAN Single Window / ကုန်သွယ်ဘက်များ၏ Single Window များနှင့် ချိတ်ဆက်သွားမည်

18/25

19/25

## ၂၀၁၉ ခုနှစ်၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့၏ Trade Facilitation Performance




(2019 OECD Indicators)

ကမ္ဘာ့ဘဏ်၏ Doing Business 2020 အစီရင်ခံစာအရ အာဆီယံနိုင်ငံများ၏ Trading Across Borders အဆင့်နှင့်ရမှတ်များ (၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် နှိုင်းယှဉ်ချက်)

| စဉ် | နိုင်ငံအမည် | အဆင့် | | | ရမှတ် | | |
|---|---|---|---|---|---|---|---|
| | | ၂၀၁၉ | ၂၀၂၀ | တက်/ ကျ | ၂၀၁၉ | ၂၀၂၀ | တက်/ ကျ |
| ၁ | စင်ကာပူ | ၄၅ | ၄၇ | ↓ | ၈၉.၅၇ | ၈၉.၆ | ↑ |
| ၂ | မလေးရှား | ၄၈ | ၄၉ | ↓ | ၈၈.၄၇ | ၈၈.၅ | ↑ |
| ၃ | ထိုင်း | ၅၉ | ၆၂ | ↓ | ၈၄.၆၅ | ၈၄.၆ | ↓ |
| ၄ | လာအို | ၇၆ | ၇၈ | ↓ | ၇၈.၁၂ | ၇၈.၁ | ↓ |
| ၅ | ဗီယက်နမ် | ၁၀၀ | ၁၀၄ | ↓ | ၇၀.၈၃ | ၇၀.၈ | ↓ |
| ၆ | ဖိလစ်ပိုင် | ၁၀၄ | ၁၁၃ | ↓ | ၆၉.၉ | ၆၈.၄ | ↓ |
| ၇ | အင်ဒိုနီးရှား | ၁၁၆ | ၁၁၆ | | ၆၇.၂၇ | ၆၇.၅ | ↑ |
| ၈ | ကမ္ဘောဒီးယား | ၁၁၅ | ၁၁၈ | ↓ | ၆၇.၂၈ | ၆၇.၃ | |
| ၉ | ဘရူနိုင်း | ၁၄၉ | ၁၄၉ | | ၅၈.၇ | ၅၈.၇ | |
| ၁၀ | မြန်မာ | ၁၆၈ | ၁၆၈ | | ၄၇.၆၇ | ၄၇.၇ | ↑ |

20/25

## ၃ သင်ခန်းစာများ


- စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် **Political Will** အရေးကြီး၊ အစိုးရ၏ ခိုင်မာသောပံ့ပိုးမှု၊ ပီပီပြင်ပြင် စီမံခန့်ခွဲဆောင်ရွက်မှု
- နိုင်ငံ၏ အားသာချက်များအပေါ် ထိရောက်စွာအသုံးချဆောင်ရွက်နိုင်မှု (ဆိပ်ကမ်း၏ အားသာချက်ရှိမှုအပေါ် IT **နည်းပညာကို ထိထိရောက်ရောက်အသုံးချ၍** **TradeNet** ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းသည် စင်ကာပူနိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှု စွမ်းအားကို ထိပ်တန်းအဆင့်သို့ မြှင့်တင်ပေးခဲ့သော အစီအမံကောင်းတစ်ခုဖြစ်)
- Trade Facilitation ၏ **အကျိုးကျေးဇူးကို အမှန်တကယ်နားလည်သိရှိ၍** အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

21/25

- စင်ကာပူသည် အကျပ်အတည်းကာလများတွင်ပင် အခွင့်အလမ်းကောင်းများရရှိအောင် **တီထွင်ကြံဆဆောင်ရွက်လျက်ရှိ**
- စီးပွားရေးပတ်ဝန်းကျင်နှင့် နည်းပညာများ ပြောင်းလဲတိုးတက်လာမှုအခြေအနေတို့အပေါ် လိုက်လျောညီထွေလိုက်ပါ ပြောင်းလဲ၍ **စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်** ဆောင်ရွက်မှု (**Networked Trade Platform (NTP) ကို ထူထောင်ခြင်း)**
- ဌာနဆိုင်ရာများအကြား လေးနက်စွာ **ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မှုနှင့်** ဝန်ထမ်းများ၏ စွမ်းဆောင်ရည်
- ကုန်သည်အသင်းအဖွဲ့များအား စည်းရုံးလှုံ့ဆော်နိုင်ရေး၊ အသိပညာပေးနိုင်ရေးနှင့် ၎င်းတို့၏ ပါဝင်ပံ့ပိုးမှုရရှိရေး ဆောင်ရွက်နိုင်မှု

22/25

**Trade Facilitiation ၏ အကျိုးကျေးဇူး**






# ၄ သုံးသပ်တင်ပြချက်

- USAID ၏ အထောက်အပံ့ဖြင့်လေ့လာပြုစုခဲ့သော အစီရင်ခံစာ "Assessing the benefits of the trade facilitation agreement for agricultural trade, February 2019" တွင် WTO ၏ "Trade Facilitation Agreement" ပါ လုပ်ငန်းရပ်များကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် **စိုက်ပျိုးရေးထွက်ကုန်များ (အထူးသဖြင့် ပုပ်သိုးပျက်စီးလွယ်သော ကုန်ပစ္စည်းများ) ၏ ပြည်ပကုန်သွယ်မှုတွင် ကုန်ကျစရိတ် ၁၀.၄ ရာခိုင်နှုန်းအထိ လျော့နည်းသက်သာစေမည့်** အကျိုးကျေးဇူးများရှိကြောင်း လေ့လာတွေ့ရှိ
- မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးလုပ်ငန်းများကို ကုန်သွယ်ဘက်နိုင်ငံများနှင့် နှစ်နိုင်ငံအကြား ဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အာဆီယံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တို့တွင် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် **အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အရှိန်မြင့်တက်လာသည်နှင့်အမျှ ကိုဗစ်အလွန်ကာလတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအား ပိုမိုတိုးတက်ကောင်းမွန်လာပြီး** ပြည်ပဈေးကွက်ပိုမိုရရှိနိုင်ရန် များစွာပံ့ပိုးပေးနိုင်မည်ဖြစ်/ မြန်မာနိုင်ငံ၏ Ease Of Doing Business အဆင့် တိုးတက်ကောင်းမွန်လာစေရေး ရည်မှန်းချက်ကိုလည်း ပံ့ပိုးပေးမည်ဖြစ်

- Trade Facilitation တိုးတက်ကောင်းမွန်လာစေရန် မိမိနိုင်ငံကဲ့သို့ အခြားနိုင်ငံများကလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည့်အတွက် National Single Window စနစ်အား ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လျက် အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှသာ နိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးတွင် ပိုမိုချိတ်ဆက်ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။




ကိုးကားချက်များ : Crimsonlogic, TradeNet, NTP, World Bank